ပန်ကောက်(လီရှော)ကျေးရွာ
ဟိုပန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁ - ၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်ကောက်(လီရှော)ကျေးရွာ၊ ဟိုပန်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ လ

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၃
၂။	ကျေးရွာ သယံဇာတပြန်လည်ပုံ၊	၄
၃။	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၉
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	ပညာရေး	၁၀
၈။	ကျန်းမာရေး	၁၁
၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၁
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၁
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၂
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၂
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁ခုနှစ်မှ ၂၀၂၅ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


၂၀၂၁ ခုနှစ် ဇန်နဝါရီ လ ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်ကောက်(လီရှော)ကျေးရွာ
ဟိုပန်မြို့နယ်


ဟိုပန်မြို့နယ်၊ ပန်ကောက်(လီရှော)ကျေးရွာ သယံဇာတပြမြေပုံ



ဟိုပန်မြို့နယ်၊ ပန်ကောက်(လီရော)ကျေးရွာ ရာသီခွင်ပြပြကွဒိန်



ဟိုပန်မြို့နယ်၊ ပန်ကောက်(လီရော)ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်ကောက်(လီရှော)ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ ပန်ကောက်ကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ ဟိုပန်မြို့၏ အရှေ့တောင်ဘက် (၁၄)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တောတောင်သစ်တောများ၊ တောင်ဘက်တွင် နောင်ပါကျေးရွာ၊ မြောက်ဘက်တွင် ပန်ကောက်(ဝ)ကျေးရွာနှင့် အနောက်တောင်ဘက်တွင် ပန်ကောက်(ကချင်)ကျေးရွာ စသည်တို့ တည်ရှိပါသည်။ ကျေးရွာတွင် ကိုးကန့်လူမျိုးများနှင့် လီရှောလူမျိုးများ အများစုနေထိုင်ကြပါသည်။ ဟိုပန်မြို့မှ ပန်လုံမြို့သို့ ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးမှာ ရွာအလယ်မှ ဖြတ်သန်းဖောက်လုပ်ထားပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည့်အတွက် တောင်ယာခုတ်ထွင်ရှင်းလင်းပြီး ကြံ၊ ပြောင်း တို့ကို အဓိကထားစိုက်ပျိုးကြပါသည်။ သောက်သုံးရေကို စိမ့်စမ်းရေထွက်မှ သွယ်ယူသောက်သုံးကြပါသည်။ လယ်စပါးများကို အိမ်ထောင်စု တစ်စု၊ နှစ်စုမျှသာ စိုက်ပျိုးကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၄)ဧက၊ တောင်ယာမြေ(၄၈)ဧကရှိပါသည်။ အများအားဖြင့် မေလတွင် မိုးစတင်ပြီး အောင်တိုဘာလတွင် မိုးကုန်ပါသည်။ ဇူလိုင်လတွင် မိုးအများဆုံးရွာသွန်းပြီး မိုးရေချိန်သည် မျမ်းမျှ(၀.၂၄)မှ (၁၃.၄၇)လက်မ ရွာသွန်းပါသည်။ မျမ်းမျှအမြင့်ဆုံး အပူချိန်(၂၆:၀၀)ဒီဂရီနှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၉:၀၀)ဒီဂရီစင်တီဂရိတ်ရှိပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၃၃)၊ လူဦးရေပေါင်း(၁၉၂)ဦးရှိပြီး ကိုးကန့်လူမျိုးများ၊ လီရှောလူမျိုးများ အများဆုံးနေထိုင်ကြသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅.၇၂)ဦးရှိသဖြင့် မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်(၅)ယောက်နှုန်း အထက်ရှိပါသည်။ ကျေးရွာတွင် နို့စို့ကလေးငယ်စုစုပေါင်း(၅)ဦး၊ (၂.၆၀၄ %)နှင့် သက်ကြီးရွယ်အို(၁၂)ဦး၊ (၆.၂၅%)ရှိပါသည်။ (၅)နှစ်အောက် ကလေးငယ်(၁၅)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ(၁၅၃)ဦး၊ (၇၉.၆၈၇%)ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူများပြားပါသည်။ ထို့အပြင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ် လျော့နည်းနေပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသော မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း တို့ကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယနေ့ထိ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေမှ အတိုးနှုန်းကို ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား(၅၀)နှုန်းမှ (၁)ကျပ် ပြား(၅၀)နှုန်းသတ်မှတ်နိုင်ပါသည်။ သို့သော်မိမိတို့ကျေးရွာတွင် ပြား(၅၀)နှုန်းဖြင့် သတ်မှတ်ထုတ်ချေးပေးပါသည်။ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ အချင်းချင်းချိတ်ဆက်၍ ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ပညာရေးနှင့်ပတ်သက်သော အခန်းကဏ္ဍများနှင့် ကျောင်း၏ လိုအပ်ချက်များ၊ ဆရာ/ဆရာမများ၏ နေထိုင်သွားလာမှု အဆင်ပြေချောမွေ့စေရေး ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်း၌ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့

အစည်း အဖြစ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရှိပြီး ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ကျေးရွာရှိ အိမ်ထောင်စုအားလုံးမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး မြေယာမဲ့အိမ်ထောင်စု(၉)စု ရှိပါသည်။ အဓိကအားဖြင့် ကြံသီးနှံကို စီးပွားဖြစ် စိုက်ပျိုးကြပြီး ပြောင်းနှင့် စပါးတို့ကို အနည်းငယ်သာစိုက်ပျိုးကြသည်။ လယ်ယာမြေအသုံးချနိုင်မှု အနေဖြစ် ကျေးရွာပိုင် လယ်၊ ယာမြေများတွင် စိုက်ပျိုးကြပြီး အိမ်ထောင်စု(၂)စုမှာ (၂)ဧကစီ ငှားရမ်းလုပ်ကိုင်ကြသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကမှီခိုအားထားနေရသောကြောင့် ရာသီဥတုမမှန်သောနှစ်များတွင် အခက်အခဲရှိပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုသည် စိုက်ပျိုးရေးလုပ်ကိုင်ရာ၌ ဓါး၊ ပေါက်ပြား၊ ပေါက်တူး တို့ကိုသာ အသုံးပြု လုပ်ကိုင်ကြသည်။ အိမ်ထောင်စု (၃)စုသာ လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်ပါသည်။ကျေးရွာရှိ မြေယာမဲ့မိသားစုဝင်များသည် နေ့စားအငှားလိုက်ခြင်း၊ ကျပန်းလုပ်ကိုင်လျက်ရှိပါသည်။

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံမျိုးစိတ်များနှင့် ဓါတ်မြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများကို ဟိုပန်မြို့နှင့် နယ်စပ်မြို့ဖြစ်သော ချင်းရွှေဟော်မြို့တို့တွင် ဝယ်ယူ သုံးစွဲကြပါသည်။ ကြံထွက်ကုန်ကို တရုတ်ကိုယ်စားလှယ်များမှ ကျေးရွာသို့ လာရောက် ဝယ်ယူကြသည်။ ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ဟိုပန်မြို့၊ ချင်းရွှေဟော်မြို့တို့တွင် တင်ပို့ရောင်းချကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား တစ်ပိုင်တစ်နိုင် ဆောင်ရွက်နေသော အိမ်ထောင်စုအချို့ရှိပါသည်။ အများအားဖြင့် ကြက်၊ ဝက်၊ ဘဲတို့ကို မွေးမြူကြပါသည်။ မွေးမြူရေးအတွက် ပြင်ပမှ ဝက်မျိုးများ ဝယ်ယူမွေးမြူခြင်းကြောင့် ဝက်နာရွက်ပြာရောဂါဖြင့် သေဆုံးမှုများ၍ ယခုအခါတွင် သီးသန့်မျိုးတိရစ္ဆာန်များ ဝယ်ယူမွေးမြူခြင်း မရှိဘဲ ဒေသမျိုးများကိုသာ မွေးမြူကြပါသည်။ မွေးမြူထားသော တိရစ္ဆာန်များအား သီးသန့်သွားရောက် ရောင်းချမှုမရှိဘဲ ကျေးရွာ၌ သာရေး၊ နာရေး၊ အလှူများရှိပါက ဈေးနှုန်းသတ်မှတ်ရောင်းချကြသည်။ ပြင်ပမှ ဝယ်ယူသူများလည်း ကျေးရွာအရောက် လာဝယ်ကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာ စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ပေါ်ဒေသဖြစ်ခြင်း၊ မြို့နှင့် အလှမ်းဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး အနည်းငယ်ခက်ခဲသောကြောင့် ဘဏ်နှင့်ငွေကြေးလက်လှမ်းမှီနိုင်မှုမှာ အလွန်အလွန်

နည်းပါးပါသည်။ သို့သော် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အရင်း/အတိုးဆပ်ကာလ(၁၂)လအား အတိုးနှုန်း(၀.၅%)အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရယူနိုင် ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရာတွင် ခက်ခဲပါသည်။ ရွာချင်းဆက်လမ်း (၃)လမ်းရှိပြီး ပန်ကောက်(၀)ကျေးရွာသို့ (၁/၀)မိုင်၊ ပန်ကောက်(ကချင်)ကျေးရွာသို့ (၀/၅)မိုင်၊ နောင်ပါကျေးရွာသို့ (၂/၄)မိုင်ခန့် အသီးသီးရှိပါသည်။ ပန်ကောက်(၀)ကျေးရွာသို့ ဆက်သွယ်ထားသော ရွာချင်းဆက်လမ်းမှာ ဖြုန်းကျောက်လမ်းဖြစ်ပါသည်။ ပန်ကောက်(ကချင်)ကျေးရွာနှင့် နောင်ပါကျေးရွာသို့ ဆက်သွယ်ထားသော ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မော်တော်ဆိုင်ကယ်များပိုင်ဆိုင်ကြပါသည်။ အဆင်ပြေသော အချို့ အိမ်ထောင်စုမှာ ကား/ထော်လာဂျီများ ပိုင်ဆိုင်ကြသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် နမ့်တစ်မြို့၊ "၀"အထူးဒေသ ခါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိထားသော်လည်း မကြာခဏ လျှပ်စစ်မီး ပျက်တောက်ခြင်းကြောင့် အခက်အခဲရှိပါသည်။ လျှပ်စစ်မီး မသုံးစွဲနိုင်သော အိမ်ထောင်စုများမှာ ဆိုလာမီး သုံးစွဲကြသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ လျှပ်စစ်မီးနှင့် ဆိုလာ (၂)မျိုးလုံး သုံးစွဲကြသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မြန်မာ့ဆက်သွယ်ရေး ဖုန်းလိုင်းများမရရှိပါ။ တရုတ်ဖုန်းလိုင်းနှင့်သာ ဆက်သွယ်ပြောဆိုကြရပါသည်။

၇။ ပညာရေး

ကျေးရွာရှိ ကျောင်းမှာ မူလတန်းအဆင့်သာရှိပြီး မူလတန်းအထိပြီးမြောက်ပါက ပန်ကောက်(ကချင်) ကျေးရွာရှိ အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြရသည်။ လက်ရှိပညာသင်ကြားနေသော ကျောင်းသူ/သား စုစုပေါင်း(၆၄)ဦးရှိပါသည်။ ကျေးရွာမှ လက်ရှိ အလယ်တန်းအဆင့်တွင်(၃)ဦးရှိသော်လည်း အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသူ မရှိပါ။ ကျေးရွာရှိ မူလတန်းကျောင်း၌ မူလတန်းအဆင့်ထိပြီးမြောက်သွားပါက အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်သို့ ဆက်လက်ပညာသင်ကြားသူ နည်းပါးသွားပါသည်။ အချို့မှာ မူလတန်းပညာရေး ပြီးမြောက်သွားပါက အစိုးရကျောင်းကို ဆက်လက်တက်ရောက်ပညာသင်ကြားခြင်းမရှိတော့ပါ။ မိဘများ၏ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းနှင့် တရုတ်ကျောင်းကိုသာ တတ်ရောက်ကြသည်။ အချို့ ကျောင်းသူ/သားများသာ အလယ်တန်း၊ အထက်တန်း အဆင့်များသို့ ဆက်လက် တက်ရောက်ပညာသင်ကြားကြသည်။ ကျေးရွာ လူဦးရေ၏(၄၁.၉၅%)သည် မြန်မာစာ မတတ်ကြပါ။ သို့သော်လည်း တရုတ်စာ၊ လီရှောစာနှင့် ကိုးကန့်စာတို့ကို ရေးတတ်၊ ဖတ်တတ်ကြသည်။ ကျေးရွာမှ တက္ကသိုလ်ဘွဲ့ရ မရှိသောကြောင့် ပညာရေးအခြေအနေ အားနည်းလျက်ရှိပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း ကျေးရွာနှင့် (၂/၀)မိုင်ခန့်ကွာဝေးသော ပန်ကောက်(ကချင်)ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကာကွယ်ဆေးထိုးနှံမှုများကို ပုံမှန်ရရှိပါသည်။ အနည်းငယ်ဖျားနာခြင်းနှင့် သွေးတိုးအနည်းငယ်ဖြစ်ပွားပါက ပန်ကောက်(ကချင်)ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသို့သာ ကုသမှုခံယူကြပါသည်။ ကျေးလက်ဆေးပေးခန်းမှ ကုသ၍မရနိုင်သော ရောဂါမျိုးဖြစ်မှသာ ကျေးရွာနှင့် (၁၄/၀)မိုင်ခန့်ကွာဝေးသော ဟိုပန်မြို့နယ်ဆေးရုံးသို့ သွားရောက်ကုသမှုခံယူကြပါသည်။

ကျေးရွာရှိ ကလေးအများစုမှာ ရာသီဥတု အကူးအပြောင်းကာလတွင် နှာစေး၊ ချောင်းဆိုး၊ ဖျားနာကြသော်လည်း ပြင်းထန်ခြင်းမရှိပါ။ သက်ကြီးရွယ်ကြီး အများစုတွင် သွေးတိုး၊ ကိုယ်လက်ထုံကျင်ကိုက်ခဲသည့် ရောဂါတွေ့ရသည်။

၉။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သဘာဝဓါတ်မြေဩဇာများကို ကျေးရွာတွင်းမွေးမြူထားသော ကြက်ချေး၊ ဝက်ချေးနှင့် နွားချေးများကို အသုံးပြု၍ အိမ်ခြံဝင်းတွင်း စိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးလုပ်ကိုင်ကြသည်။ သို့သော် စီးပွားဖြစ် စိုက်ပျိုးသော ကြံ၊ ပြောင်းနှင့် စပါးများကို ဓါတုဓါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကို အသုံးပြုကြသည်။ ဓါတုဓါတ်မြေဩဇာအသုံးပြု စိုက်ပျိုးလုပ်ကိုင်ခြင်းကြောင့် မြေဆီလွှာပျက်စီးမှုရှိနိုင်သည်။ တောမီးလောင်ခြင်းနှင့် တောင်ယာခွဲထွင်ခြင်းများကြောင့် သစ်တောဖြုန်းတီးခြင်း အပင်မျိုးစိတ်များ လျော့နည်းလာပါသည်။ ကျေးရွာတွင် ထင်းခုတ်ခြင်း၊ စိုက်ပျိုးမြေခွဲထွင်ခြင်းကြောင့် ရေထွက်ပင်များဆုံးရှုံးလျော့နည်းလာခြင်းနှင့်အတူ ရေအရင်းအမြစ်များ လျော့နည်းလာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလည်း အားနည်းလျက်ရှိပါသည်။ ကျေးရွာတွင်းရှိ စွန့်ပစ်ပစ္စည်းများအား မိမိတို့အစီအစဉ်ဖြင့်သာ စွန့်ပစ်ခြင်း၊ မီးရှို့ဖျက်စီးခြင်းတို့ပြုလုပ်ကြသည်။ ယခုအချိန်တွင် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ဦးစီးဌာနတို့မှ စွန့်ပစ်အမှိုက်စနစ်တကျ စီမံခန့်ခွဲနိုင်ရန် အသိပညာပေးဟောပြောပွဲများ ကျင်းပဟောပြောပေးခြင်းကြောင့် စွန့်ပစ်အမှိုက်များအား စနစ်တကျ စွန့်ပစ်လာကြသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အများအားဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် အမျိုးသမီးအများစု ပညာရေးအားနည်းခြင်း၊ ရှေးရိုးအစဉ်အလာများရှိခြင်းတို့ကြောင့် အုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများ ပါဝင်ခေါင်းဆောင်မှု အားနည်းလျက်ရှိသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များ အနားယူအပန်းဖြေရာနေရာများမရှိဘဲ ရာသီအလိုက်ပွဲတော်များဖြစ်သော နှစ်သစ်ကူးပွဲတော်၊ ဘိုးဘွားအုတ်ဂူကန်တော့ပွဲတော်၊ မုန်းစားပွဲတော်များသာရှိသည်။ နှစ်သစ်ကူးပွဲတော်အတွင်း၌ လူငယ်လူရွယ်များသည် ဂျင်ရိုက်ပွဲနှင့် ဂျင်လည်ပွဲများ ဆော့ကစားကြသည်။ ကျေးရွာတွင်းရှိ သက်ကြီးရွယ်ကြီးများနှင့် လူငယ်လူရွယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊

သာရေး/နာရေးလုပ်ငန်းများ၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ဝိုင်းဝန်းထိန်းသိမ်းလျက်ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွားမှုနှင့် ခိုးမှု၊ လုယက်မှုများ မတွေ့ရှိရပါ။ ရှိလာခဲ့သော်လည်း ကျေးရွာလူကြီးများနှင့် အုပ်ချုပ်ရေးအဖွဲ့များ ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်နိုင်ပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်း	၁	✓				
၂	စာသင်ကျောင်း အုတ်တံတိုင်းကာရံခြင်းနှင့် ကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း	၂		✓	✓		
၃	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၃			✓	✓	
၄	လျှပ်စစ်မီးတိုင်နှင့် မီးကြိုးအသစ်လဲလှယ်ခြင်း	၄		✓	✓	✓	✓
၅	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၅			✓	✓	✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ပန်ကောက်(လီရှော)
ကျေးရွာအုပ်စု	- ပန်ကောက်
မြို့နယ်	- ဟိုပန်
တိုင်းဒေသကြီး/ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည် - စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးလက်ဦးစီးဌာနမှ (၂၀၁၃-၂၀၁၄)ခုနှစ်တွင် စိမ့်စမ်းရေသွယ်တန်းပေးခြင်းနှင့် ရေစုကန်တည်ဆောက်ပေးထားပါသည်။ သို့သော် နှစ်ကာလကြာလာသဖြင့် သွယ်တန်းထားသော ရေပိုက်များ ပျက်စီးပြီး မကြာခဏ ပြုပြင်နေရပါသည်။ရေစုကန်သည်လည်း ရေများ စိမ့်ထွတ်နေပြီး ဆက်လက်သုံးစွဲရန် အခက်အခဲဖြစ်ပေါ်နေပါသည်။	
စီမံချက်၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) ရေစုကန် ရေများ စိမ့်ထွတ်ခြင်း၊ ရေပိုက်များ မကြာခဏ ပြုပြင်နေရသည့်အတွက် ကျေးရွာသူ/သားများ သောက်ရေ၊ သုံးရေ အသုံးပြုရန် အခက်အခဲဖြစ်ပေါ်နေသဖြင့် စိမ့်စမ်းရေထွတ်မှ ရေပိုက်အသစ် ပြန်လည်သွယ်ယူခြင်းနှင့် ရေစုကန်လည်း အသစ် ပြန်လည်တည်ဆောက်ခြင်း အမှန်တကယ်လိုအပ်နေပါသည်။	
မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကျေးရွာသူများ စိမ့်စမ်းရေထွတ်အမှန်တကယ် စတင်တည်ဆောက်ခွင့်ရရှိပါက စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ရရှိပြီး သောက်ရေနှင့် သုံးရေ အခက်အခဲများလည်း အဆင်ပြေသွားနိုင်မှာဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) စိမ့်စမ်းရေသွယ်ယူခြင်း (၁/၄)မိုင်နှင့် (၁၂' × ၆' × ၅) ရေစုကန်တည်ဆောက်ခြင်း ဆောင်ရွက်မည်။	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်	ထည်ဝင်မည့်အစီအစဉ်

◈ ၁၀၀၀၀၀၀/- (ငွေသား)	◈ ကျေးလက်ဦးစီး
◈ ၄၁၈၀၀/- (ငွေသား)	◈ ကျေးရွာ
◈ (ပစ္စည်း/လုပ်အား)	◈ ကျေးရွာ
◈	◈

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၉၆	၈၂	**၁၇၈**	၆	၁၃	၃	၈	**၃၀**
အကျိုးခံစားမည့်ဦးရေ	၉၆	၈၂	**၁၇၈**	၆	၁၃	၃	၈	**၃၀**
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)

ကျေးရွာအုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

(၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း - ၂၂.၂.၂၀၂၁

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၄.၅.၂၀၂၁

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်

စိမ့်စမ်းရေးသွယ်ယူခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျှင် ငွေအား/လူအား/ပစ္စည်းအင်းအားများပါဝင်သွားမည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ လည်းစည်းရုံးလှုံဆော်သွားမည်။

(၅) လုပ်ငန်းလည်ပတ်ရေးပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ

စိမ့်စမ်းရေးသွယ်ယူခြင်းနှင့်ရေစုကန်တည်ဆောက်ခြင်း ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်ပါက ကျေးရွာသူ/သားများ စုပေါင်းကာ ဝိုင်းဝန်း၍ ပြန်လည်ပြင်ဆင်ထိန်းသိမ်းသွားမည်။

နောက်ဆက်တွဲ (၁)

ပန်ကောက်(လီရော)ကျေးရွာ ၊ ပန်ကောက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးဝမ်အင်းဆိုင်	ဦးဝမ်ဆုံဖာ	၁၃/ဟပတ(နိုင်) ဝဝ၅၄၂၉	၆၃	ဥက္ကဋ္ဌ	
၂။	ဦးလွတ်မောင်	ဦးဆမ်လွန်း	၁၃/ဟပတ(နိုင်) ဝ၁၁၄၂၉	၅၈	ဘဏ္ဍာရေးမှူး	
၃။	ဒေါ်ရှောက်လူ	ဦးရိန်ဖာ	၁၃/ဟပတ(နိုင်) ဝ၁၁၄၂၉	၄၄	စာရင်းကိုင်	
၄။	ဦးလောက်စေး	ဦးကြူဝိန်ခွေ	၁၃/ဟပတ(နိုင်) ဝဝ၇၁၆၃၃	၅၃	သေ့ကိုင် (၁)	
၅။	ဒေါ်အားရှုန်း	ဦးအောင်မွန်း	လျှောက်ထားဆဲ	၂၅	သေ့ကိုင် (၂)	
၆။	ဒေါ်စန်းစန်းမော်	ဦးထွန်းဝင်း	၉/ရမသ(နိုင်) ၂၀၅၁၃၀	၂၄	အဖွဲ့ဝင်	
၇။	ဦးစေထွန်း(ခ)အားတုံ	ဦးဟိုင်ရင်	၁၃/ဟပတ(နိုင်) ဝ၂၇၅၂၅	၂၇	အတွင်းရေးမှူး	

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၅	-	၅	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၈	၁၅	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၉	၆	၁၅	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄	၉	၁၃	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၁	၆၀	၁၃၁	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၆	၁၂	-	-
စုစုပေါင်း		**၁၀၂**	**၈၉**	**၁၉၁**	**-**	**-**
စုစုပေါင်း အိမ်ထောင်စု		၃၃				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ(၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက်(၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် အိမ်ထောင်စု(၃၃)စုရှိပြီး ကိုးကန့်လူမျိုးများနှင့် လီရှောလူမျိုးများ အများဆုံး နေထိုင်ပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း(၁၉၁)ဦးရှိပြီး မသန်စွမ်း မရှိပါ။ နို့စို့အရွယ်ကလေး (၅)ဦး (၂.၆၁%)၊ ၅ နှစ်အောက်ကလေးငယ်စုစုပေါင်း (၁၅)ဦး (၇.၅၃%)ရှိပါသည်။ ကျေးရွာတွင် တစ်အိမ်ထောင်လျှင် (၅.၇၈)ရှိသော ကြောင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင်လျှင် (၅)ယောက်နှုန်း အထက်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေစုစုပေါင်း (၁၃၁)ဦး (၆၈.၅၈၆%)ရှိသောကြောင့် အလုပ်လုပ်နိုင်သော ဦးရေများပြားပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂၂	၇၂	၄	၅၁	၂၁	၁၀	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၁	၃၄	၁	၁၅	၁၉	၁၀	မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်	-	-	-	-	-	-	မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၁	၃၄	၁	၁၅	၁၇	၁၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၃၆	၉၄	၂	၅၆	၃၈	၃၄	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု **(**နိမ့်၊ လတ်၊ မြင့်**)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ **(**သို့မဟုတ်**)** အလုပ်သမား**/** ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း" တွင်ရပ်တည်နိုင်မှု "မြင့်"ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်း များနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းသာ အဓိကထား လုပ်ကိုင်ကြပြီး ကျေးရွာအတွင်း အလုပ်လုပ်နိုင်သူ အင်အား လူဦးရေ(၁၃၁)ဦးအနက် စိုက်ပျိုးရေးလုပ်ကိုင်ကြသူ ဦးရေ(၁၁၀)ဦးသာ စိုက်ပျိုးရေး လုပ်ငန်းတွင် လုပ်ကိုင်ကြသည်။ ကျန်သူများမှာ အိမ်စေ့းဆိုင်းရောင်းခြင်း၊ နယ်လှည့်လည်ရောင်းခြင်း၊ အခြားဒေသသို့ သွားရောက်လုပ်ကိုင်ကြသူများလည်းရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၁၀၀၀၀	၁၀၀၀၀	၁၀၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသူ/သားများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည်။ လယ်/ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသား/အမျိုးသမီး လုပ်အားခကို တန်းတူသတ်မှတ်ပေးချေပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၄	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၆.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
ခနိတောမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	**၈၀.၅**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်(၄)ဧကလောက်ရှိသော်လည်း ရေလုံလောက်မှု မရှိသောကြောင့် ပြောင်းပင်များအစားထိုး စိုက်ပျိုးကြပါသည်။ တောင်ယာမြေ စုစုပေါင်း (၇၆.၅)ဧကတွင် ပြောင်း၊ ကြံသီးနှံများစိုက်ပျိုး ကြသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ(အင်း၊ အိုင်၊ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐	လွယ် ☐ ခက်☐	လျော့ ☐ တိုး ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
	နည်း ☐ မရှိ ☑	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် တွင်းထွက်သယံဇာတများ မထွက်ရှိပါ။ ကျောက်တောင် အနည်းငယ်ရှိသော်လည်း ထုတ်ယူသုံးစွဲရန် ခက်ခဲပါသည်။ သဘာဝအပင်မျိုးစိတ်များနှင့် တောတိရစ္ဆာန်များ အနည်းငယ်ရှိပါသည်။ စိမ့်စမ်းရေကို ကျေးလက်ဦးစီးဌာနမှ ရေပိုက်များဖြင့် သွယ်တန်းပေးထားသောကြောင့် ရေအခက်အခဲမရှိသလောက် အဆင်ပြေပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) အသင့်အတင့်	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆	၁၅	၄	၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၆)စုရှိပြီး ၎င်းတို့မှာ တောင်ယာမြေအများ အပြားပိုင်ဆိုင်ကြခြင်း၊ တိုက်အိမ်ဖြစ်နေထိုင်နိုင်ခြင်း၊ အိမ်ဈေးဆိုင် ရောင်းချထားခြင်း၊ ကား/ထော်လား/ဂျီ ပိုင်ဆိုင်ကြသည်။ အလွန်အဆင်မပြေသော အိမ်ထောင်စု(၈)စုရှိပြီး ၎င်းတို့မှာ စိုက်ပျိုးမြေ အနည်းငယ်သာပိုင်ဆိုင်ခြင်း၊ ဝါးထရံကာအိမ်ဖြစ်သာ နေထိုင်နိုင်ခြင်း၊ နေ့စား/ကျပန်း လုပ်ကိုင် နေထိုင်ကြသည်။ကျန် (၁၉)အိမ်ထောင်စုမှာ စီးပွားရေး အတင့်အသင့် ရှိကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့်

“၄” အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် (၆၄)နှစ်အထက် ဘိုးဘွားများရှိသော်လည်း မိသားစုနှင့်အတူ နေထိုင်ကြသည်။ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုရှိသော်လည်း မိသားစုနည်းခြင်း၊ ကိုယ်ပိုင် စီးပွားရေးလုပ်ကိုင်နေကြသည်ကိုတွေ့ရသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	-	-	-	-	-	-
၂	လျှပ်တပြတ်ရေကြီးခြင်း	-	-	-	-	-	-
၃	မုန်တိုင်းဒီရေ	-	-	-	-	-	-
၄	ဆူနာမီ	-	-	-	-	-	-
၅	တိုင်ဖုန်းမုန်တိုင်း	-	-	-	-	-	-
၆	လေဆင်နာမောင်း	-	-	-	-	-	-
၇	ငလျင်	✓	-	-	-	-	-
၈	အပူလှိုင်း	-	-	-	-	-	-
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	-	-	-	-	-	-
၁၀	အအေးလှိုင်း	-	-	-	-	-	-
၁၁	မိုးသီးကြွေကျမှု	-	-	-	-	-	-
၁၂	မိုးခေါင်ခြင်း	✓	-	-	-	-	-
၁၃	တောမီးလောင်ခြင်း	✓	-	-	-	-	-
၁၄	မြစ်ကမ်းပါးပြိုခြင်း	-	-	-	-	-	-
၁၅	ကမ်းရိုးတန်းတိုက်စားမှု	-	-	-	-	-	-
၁၆	မြေပြိုခြင်း	-	-	-	-	-	-
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
၁၇	စားနပ်ရိက္ခာမဖူလုံမှု	-	-	-	-	-	-
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	-	-	-	-	-	-
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	-	-	-	-	-	-
၂၀	သစ်တောပြုန်းတီးခြင်း	-	-	-	-	-	-
၂၁	၄က်ဖျားရောဂါ	✓	-	-	-	-	-
၂၂	တီဘီရောဂါ	-	-	-	-	-	-
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၄	ကပ်ရောဂါ	-	-	-	-	-	-
၂၅	ပြည်တွင်းပဋိပက္ခ	-	-	-	-	-	-
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓	-	-	-	-	-
၂၇	လူကုန်ကူးခြင်း	-	-	-	-	-	-
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစသည်	✓	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်မှုနှင့်ပတ်သက်၍ မိမိတို့ကျေးရွာသည် ဟိုပန်မြို့နှင့်(၁၄/၀)မိုင်ခန့်ကွာဝေးပြီး အနည်းငယ်ဝေးလံသော ဒေသဖြစ်သည့်အပြင် ဆက်သွယ်ရေးခက်ခဲသောကျေးရွာလည်းဖြစ်ကာ တစ်ခါတစ်ရံတွင် မိုးခေါင်ခြင်း၊ ငလျင်လှိုင်းနှင့် တောမီးလောင်ခြင်းအနည်းငယ် ဖြစ်ပေါ်တတ်ပါသည်။ လွန်ခဲ့သော လအတွင်း ဝက်များ ကူးစက်ရောဂါကျရောက်သဖြင့် မွေးမြူထားသောဝက်များ သေဆုံးကုန်ကြသည်။ တစ်အိမ်ထောင်လျှင် (၁)ကောင်သာ ကျန်ရှိခဲ့သည်။ သေဆုံးသွားသော ဝက်များကို စနစ်တကျ မြေမြှုပ်ကြသည်။

(၈-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓	-	-	-	-	-
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	✓	-	-	-	-	-
၃	ဆင်းရဲသားတောင်သူ	✓	-	-	-	-	-
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာ တစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	-	-	-	-	-	-
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	-	-	-	-	-	-
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	-	-	-	-	-	-
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	-	-	-	-	-
၉	ငါးကန်ပိုင်ရှင်များ	-	-	-	-	-	-
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓	-	-	-	-	-
၁၁	လူနည်းစုလူမျိုးများ	-	-	-	-	-	-
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	-	-	-	-	-	-
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓	-	-	-	-	-
၁၄	ရွှေတွင်းလုပ်သားများ	-	-	-	-	-	-
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓	-	-	-	-	-
၁၆	နေရပ်ပြန်အခြေချသူများ	-	-	-	-	-	-
၁၇	ရွှေ့ပြောင်းလုပ်သားများ	-	-	-	-	-	-
၁၈	ကားမောင်းပြီးအသက်မွေးသူများ	-	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လူငယ်အများစုသည် ဆိုင်ကယ်များကို မဆင်မချဉ် စီးနှင်းကြသဖြင့် ယာဉ်အန္တရာယ်ရှိနိုင်ပါသည်။ ကျေးရွာသည် “ဝ”အထူးဒေသ(၂) “ဝ”တပ်စခန့်နှင့် မနီးမဝေးတွင် တည်ရှိသဖြင့် တိုက်ပွဲများဖြစ်ပွားပါက ထွက်ပြေးသိမ်းရှောင်ရမည် အခြေအနေရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု

	အမည်	(မှန်ရာတစ်ခုကိုသာရွေးရန်)	**ကျား**	**မ**	**ပေါင်း**	(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	အုပ်ချုပ်ရေး/ ရပ်မိရပ်ဖ အဖွဲ့	၁☐ ၂☑ ၃☐	၅	-	၅	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	ကျေးရွာ မြစိမ်းရောင် ကော်မတီ အဖွဲ့	၁☑ ၂☐ ၃☐	၁	-	၁	ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၃		၁☐ ၂☐ ၃☐				ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများကို (၃)ဖွဲ့လောက်သာ ဖွဲ့စည်းထားနိုင်ပါသည်။ အများစုမှာ စာမတတ်သောကြောင့်လည်းကောင်း၊ မြို့နှင့်အရမ်းလှမ်းဝေးပြီးဗဟုသုတနည်းပါး၍သော်လည်းကောင်း ကျေးရွာ၏ သာရေး/နာရေးအတွက် စဖိုမှူးများအဖွဲ့သာဖွဲ့စည်းထားနိုင်ပြီး ၎င်းနှင့်ပတ်သက်၍ သီးသန့်ဖွဲ့စည်းထားခြင်း မရှိသော်လည်း သာရေး/နာရေးကိစ္စနှင့် အခြားသောကိစ္စများ ဖြစ်ပေါ်လာပါက အချင်းချင်း လာရောက်ကူညီပေးကြပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှာ ဖတ်ဟာ(လီဆူး)+တာရှောက်ထန်ကျေးရွာ(၂)ရွာပေါင်း (၁)ယူနစ်ရရှိထားပြီး ကျေးရွာတွင် စာတတ်သူမရှိသည့်အတွက် တာရှောက်ထန်ကျေးရွာတွင်အဖွဲ့ဝင်အား(၁)ဦးသာ ကော်မတီထဲပါဝင်ဖွဲ့စည်းထားနိုင်ပြီး ဖတ်ဟာ(လီဆူး)ကျေးရွာမှ ကော်မတီ(၆)ဦး စုစုပေါင်းကော်မတီ(၇)ဦး ဖွဲ့စည်းထားနိုင်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်းအမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)

စဉ်	အမည်	**အဖွဲ့အစည်းအမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ဌေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ဌေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ)(ဥပမာ–ဓမ္မစကူးလ်ဖောင်ဒေးရှင်၊**Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (**ပြည်တွင်း/ပြည်ပ**) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**)**တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးသော ပြင်ပဌာနများအနေဖြင့် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ရေပေးရေးလုပ်ငန်းနှင့် ဆိုလာများရရှိထားပြီး ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ပန်ကောက်(လီရော)+မုန်းဟုန်(တရုတ်)ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း (၂)ရွာ (၁)ယူနစ်ကိုလည်း ထပ်မံရရှိထားပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနများနှင့်လည်း တစ်ခါတစ်ရံ ဆက်သွယ်မှုရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၉	၁	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၃	-	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၇	-	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၄	-	တောင်သူလတ်
၅	၁၂.၅ဧကအထက်	-	-	တောင်သူကြီး
ကျေးရွာရှိ အိမ်ထောင်စုစုပေါင်း		**၂၃**	**၁**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး စိုက်ပျိုးမြေယာများလည်း အတင့်အသင့်သာ ပိုင်ဆိုင်ကြသည်။ မြေယာမဲ့(၉)အိမ်ထောင်စုရှိပြီး (၂)အိမ်ထောင်စုမှာ ငှားရမ်းလုပ်ကိုင်ကြသည်။ မိမိယာမြေများမှစိုက်ပျိုးသီးနှံများအား ရိတ်သိမ်းပြီးလျှင် အခြားသော သူများထံသို့ နေ့စားအနေဖြင့်လည်းကောင်း (သို့) အချင်းချင်းကူညီခြင်းဖြင့်လည်းကောင်း သွားရောက်လုပ်ကိုင် ပေးကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်း အမြစ်	ရေ သောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီ အလိုက်(မှန်ရာတစ်ခု ကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ် ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင် စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်း မြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၆	လက်င်ပ ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐	ရှိ☐ မရှိ☐	လျော့☐ တိုး☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက်□ မဖြေဆိုပါ□	မဖြေဆိုပါ□	အပြောင်းအလဲမရှိ□
၈	ချောင်းရေ	၄	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာမြေ(၄)ဧကရှိပါသည်။ ယခင်က ၎င်းစိုက်ပျိုး လယ်မြေများကို တောင်ကျမိုးရေ၊ စိမ့်စမ်းရေတို့နှင့် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။ သို့သော် ယခုမှာ ရေအခက်အခဲရှိသောကြောင့် ပြောင်းများသာ အစားထိုး စိုက်ပျိုးကြသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၂၈	တင်း	၇၀	၁၀၀	၈၀	ဇွန်	အောက်	မြင့်□လတ်☑နိမ့်□	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□
ကြံ	၂၃	တန်	၁၂	၂၂	၁၈	မတ်	မေ	မြင့်□လတ်☑နိမ့်□	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□
စပါး	၁	တင်း	၂၀	၂၅	၂၂	ဇွန်	နို	မြင့်☑လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်☑	မြင့်□ လတ်☑ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပြောင်း၊ ကြံနှင့် စပါးကို စိုက်ပျိုးကြသော်လည်း စီးပွားအဖြစ် ပြောင်းနှင့်ကြံကိုသာ အဓိကထားစိုက်ပျိုးကြပြီး စပါးကို မိမိအိမ်အတွက် ဝမ်းစာဖူလုံရန်အတွက်သာ စိုက်ပျိုးကြပါသည်။ ယခင်နှစ်များတွင် ပြောင်းကို စီးပွားအဖြစ်စိုက်ပျိုးကြသော်လည်း နည်းပညာဗဟုသုတနည်းပါး၍သော်လည်းကောင်း၊ ပုံမှန်စွေးကွက်မရရှိ၍သော်လည်းကောင်း၊ ပိုးကျမှုများသောကြောင့် ပိုးသတ်ဆေးများအသုံးပြုမှုများကာ ပြောင်းအထွက်နှုန်းကျခြင်းနှင့်ထွက်ရှိလာသောပြောင်းမှာ အသီးမလှသည့်အတွက် စွေးကောင်းမရခြင်း၊ ကျွန်တော်တို့ကျေးရွာသည် တရုတ်ပြည်နှင့်နီးသည့်အတွက် ရွာမှထွက်ရှိလာသော သီးနှံများကို အများအားဖြင့် တရုတ်ပြည်သို့တင်ပို့ကြပါသဖြင့် Covid-19 ကာလတွင် ဂိတ်များပိတ်သောကြောင့် ပို့မရ/ရောင်းမရဖြစ်ပြီး ရွာတွင်သီးနှံများအောင်းကာ ဆုံးရှုံးမှုများပါသည်။ ကြံပွဲစားများရှိသော်လည်း ကြံကုမ္ပဏီများမှာ တရုတ်ပြည်မှဖြစ်ပါသဖြင့် Covid-19 ကာလတွင် ဂိတ်များပိတ်သောကြောင့် ကျေးရွာမှထွက်ကုန်များအား ပြည်ပသို့တင်သွင်း၍မရပါ။ ကျေးရွာတွင် ကြံကိုပြောင်းထက် ပိုမိုစိုက်ပျိုးကြပါသဖြင့် ကြံစိုက်ရာတွင် အခြားသောသီးနှံများထက် ဓါတ်မြေဩဇာများကို ပိုမိုအသုံးပြုရသောကြောင့် ကြံစိုက်ပျိုးသည့်

တောင်သူများမှာ ပို၍ဆုံးရှုံးမှုများပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာများ၊ ဗဟုသုတများအား လာရောက်သင်တန်းပေးခြင်းနှင့် သီးနှံများအား ပုံမှန်စေ့းကွက်ရရှိစေရန် ကူညီဆောင်ရွက်ပေးစေလိုပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	-	-	-	-
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	၁	-	-	-
ခြွေလှေ့စက်	၂	-	-	-
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၁	-	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သည့် အိမ်ထောင်စု(၃)စုသာရှိသည်။ အိမ်ထောင်စုအများစုမှာ ပေါက်ပြား၊ ဓါးများသာ အသုံးပြုလုပ်ကိုင်ကြသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
အခြားဓာတုဗေဒသွင်းအားစုများ	
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☐ မထိခိုက်ပါ ☐ မဖြေဆိုပါ☑

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်နှုန်းတိုးစေရန် အခွင့်အလမ်းနေဖြင့် ကျေးရွာရှိယာမြေများမှာ မြေဆီမြေဩဇာကောင်းမွန်ခြင်း၊ မြေဩဇာများကို လွယ်ကူစွာဝယ်ယူ၍ရနိုင်ခြင်း၊ ချေးငွေများလိုအပ်ပါက ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှလည်းကောင်း၊ ဆွေမျိုးသားချင်းများထံမှလည်းကောင်း ချေးငွေများကိုရယူနိုင်ပါသည်။ ပို့ကုန်အနေဖြင့် တရုတ်ပြည်နှင့်နီးသည့်အတွက်ကြောင့် ကျေးရွာရှိထွက်ကုန်များကို တရုတ်ပြည်သို့လည်းကောင်း၊ ချင်းရွှေဟော်သို့ တင်သွင်းနိုင် ပါသည်။ ကြံသီးနှံကို တရုတ်ကုန်သယ်ကိုယ်စားလှယ်များ ကျေးရွာအရောက် ဝယ်ယူကြသည်။ သို့သော် ကြံရောင်းပြီးသည်နှင့် လက်ငင်း ပိုက်ဆံပေးချေခြင်းမရှိသဖြင့် တောင်သူများ အခက်အခဲရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
